## ယစ်မျိုးလိုင်စင်လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

၁။ လျှောက်ထားသူ ကာယကံရှင်မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားရာတွင် ပါဝင်ရမည့်အချက်များ

(က) ကာယကံရှင် လျှောက်လွှာ။ ( နိုင်ငံသားစိစစ်ရေးကဒ် မိတ္တူ ပူးတွဲပါရှိသော သတ်မှတ်ပုံစံဖြင့်လျှောက်ထားရပါမည်။)

(ခ) သက်ဆိုင်ရာ ရပ်ကွက်/အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်။

(ဂ) သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်။

(ဃ) ဆိုင်တည်နေရာပြမြေပုံ။

**၂။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စိစစ်ဆောင်ရွက်ရမည့် အချက်များ**

(က) အမှုတွဲတွင် ပါရှိရမည့်အချက်များ စုံလင်မှု ရှိ/မရှိ။

(ခ) ဆိုင်တည်နေရာပြမြေပုံ။( မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး တို့မှ စိစစ် လက်မှတ်ရေးထိုးရန်၊

(ဂ) မြို့နယ်ယစ်မျိုးအကြံပေးအဖွဲ့၏ အစည်းအဝေးမှတ်တမ်း။

(ဃ) မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာ (ယစ်မျိုး နည်းဥပဒေ ၂၂၊ ၂၃ တို့နှင့် ကိုက်ညီမှုရှိကြောင်း ဖော်ပြရန်) နှင့်အတူ အမှုတွဲ အား ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြပါသည်။

**၃။ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းများ**

(က) အမှုတွဲတွင် ပါရှိရမည့် အချက်များ စုံလင်မှုရှိ/မရှိ စိစစ်ရန်။

(ခ) ခရိုင်အုပ်ချုပ်ရေးမှူး၏ သဘောထားမှတ်ချက်။

(ဂ) ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြပါသည်။

**၄။ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ**

(က) အမှုတွဲများ ပြည့်စုံမှုရှိ/မရှိ စိစစ်၍ ပြည်နယ်အုပ်ချုပ်ရေးမှူး၏ သဘောထားနှင့်အတူ ကယားပြည်နယ်အစိုးရအဖွဲ့သို့ သဘောထားတင်ပြရယူရန်၊

(ခ) ကယားပြည်နယ်အစိုးရအဖွဲ့၏သဘောထားမှတ်ချက်ရယူပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြရန်။

(ဂ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ ယစ်မျိုးအစီအစဉ် ခွင့်ပြုချက်ရရှိပါကပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ သတ်မှတ်ယစ်မျိုးလိုင်စင်နှင့်အညီ ထုတ်ပေးရန် အကြောင်းကြားပါသည်။

(ဃ) ခရိုင်အုပ်ချုပ်ရေးမှူးမှ ယစ်မျိုးလိုင်စင်စီများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ယစ်မျိုး လိုင်စင်ထုတ်ပေးသည်။

၅။ **ကယားပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်**

- ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးသို့တင်ပြ၍ ဆုံးဖြတ်ချက်ကို ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည်အကြောင်းကြားပါမည်။

၆။ **ယစ်မျိုးလိုင်စင်စီ အမည်ပြောင်းလျှောက်ထားရာတွင် ပါဝင်ရမည့်အချက်များ**

(က) အမှုတွဲနေ့စဉ်မှတ်တမ်း။

(ခ) ကာယကံရှင်၏ နိုင်ငံသားစိစစ်ရေးကဒ်ပြားမိတ္တူ ပူးတွဲပါရှိသော လျှောက်လွှာ။

(ဂ) မူလလိုင်စင်စီ၏ သဘောတူလွှဲပြောင်း လက်မှတ်ရေးထိုးတင်ပြလွှာ။

(ဃ) သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်။

(င) သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်။

(စ) ဆိုင်တည်နေရာပြမြေပုံ (မနဥ/ဒုမနဥ)မှ လက်မှတ်ရေးထိုးရန်။

(ဆ) မြို့နယ်ယစ်မျိုးအကြံပေးအဖွဲ့၏ အစည်းအဝေးမှတ်တမ်း။(လက်ခံမည့်မြို့နယ်)

(ဇ) မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာ (ယစ်မျိုးနည်းဥပဒေ ၂၂၊ ၂၃ တို့နှင့် ကိုက်ညီမှုရှိကြောင်း) ဖော်ပြရန်။

(ဈ) ခရိုင်အုပ်ချုပ်ရေးမှူး၏ သဘောထား။ (လက်ခံမည့်ခရိုင်)

(ည) တိုင်းဒေသကြီး / ပြည်နယ်၊ နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၏ သဘောထား။

(ဋ) Diary တွင် ရက်စွဲလိုက် ရေးသား၍ မြို့နယ်၊ ခရိုင်၊ တိုင်းအဆင့်ဆင့်တင်ပြမှု ပါဝင်ရန်။

(ဌ) Diary တွင် သက်ဆိုင်ရာရုံးအကြီးအကဲ(သို့မဟုတ်)တာဝန်ပေးအပ်သူတာဝန်ခံ အရာရှိကိုယ်တိုင် လက်မှတ်ရေးထိုးရန်။

**၇။ ယစ်မျိုးလိုင်စင် တည်နေရာပြောင်းလျှောက်ထားရာတွင် ပါဝင်ရမည့် အချက်များ**

(က) အမှုတွဲနေ့စဉ်မှတ်တမ်း။

(ခ) ကာယကံရှင်လျှောက်လွှာ။

(ဂ) သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်။ (လက်ခံမည့် ရပ်ကွက်/ကျေးရွာအုပ်စု)

(ဃ) သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်။

(င) ပတ်ဝန်းကျင်နေထိုင်သူများ၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်။

(စ) ဆိုင်တည်နေရာပြမြေပုံ (မနဥ/ ဒုမနဥ)မှ လက်မှတ်ရေးထိုးရန်။

(ဆ) ယစ်မျိုးနည်းဥပဒေ ၁၆ အရ ကန့်ကွက်လွှာ တင်သွင်းနိုင်ကြောင်း အမိန့်ကြော်ငြာစာမိတ္တူ။

(ဇ) ကန့်ကွက်လွှာတင်ပြသူမရှိကြောင်း ဖော်ပြချက်။ (Diary)

(ဈ) မြို့နယ်ယစ်မျိုးအကြံပေးအဖွဲ့၏အစည်းအဝေးမှတ်တမ်း။(လက်ခံမည့် မြို့နယ်)

(ည) မြို့နယ်အုပ်ချုပ်ရေးမှူး၏ကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာ (ယစ်မျိုးနည်းဥပဒေ ၂၂၊ ၂၃၊ တို့နှင့်ကိုက်ညီမှုမရှိကြောင်း)ဖော်ပြရန်။

(ဋ ) ခရိုင်အုပ်ချုပ်ရေးမှူး၏သဘောထား။(လက်ခံမည့်ခရိုင်)

(ဌ ) တိုင်းဒေသကြီး /ပြည်နယ်၊ နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး၏သဘောထား။

(ဍ ) Diary တွင် ရက်စွဲအစဉ်လိုက်ရေးသား၍ မြို့နယ်၊ ခရိုင်၊ တိုင်း အဆင့်ဆင့် တင်ပြမှု ပါဝင်ရန်။

(ဎ ) Diary တွင် သက်ဆိုင်ရာ ရုံးအကြီးအကဲ(သို့မဟုတ်)တာဝန်ပေးအပ်ထားသူ တာဝန်ခံအရာရှိကိုယ်တိုင် လက်မှတ်ရေးထိုးရန်။

**၈။ ယစ်မျိုးလိုင်စင်အမျိုးအစားပြောင်းလျှောက်ထားရာတွင် ပါဝင်ရမည့်အချက်များ**

(က) အမှုတွဲနေ့စဉ်မှတ်တမ်း။

(ခ ) ကာယကံရှင်၏ လျှောက်လွှာ။

(ဂ) သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်။

(ဃ) သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်။

(င) ဆိုင်တည်နေရာပြမြေပုံ (မနဥ/ဒုမနဥ) မှ လက်မှတ်ရေးထိုးရန်။

(စ) မြို့နယ်ယစ်မျိုးအကြံပေးအဖွဲ့၏အစည်းအဝေးမှတ်တမ်း။ (လက်ခံမည့် မြို့နယ်)

(ဆ) မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကွင်းဆင်းအစီရင်ခံစာ (ယစ်မျိုးနည်းဥပဒေ ၂၂၊ ၂၃ တို့နှင့် ကိုက်ညီမှုရှိကြောင်း) ဖော်ပြရန်။

(ဇ) ခရိုင်အုပ်ချုပ်ရေးမှူး၏ သဘောထား။(လက်ခံမည့်ခရိုင်)

(ဈ) လိုင်စင်နှုန်းထား နိမ့်ရာမှ မြင့်ရာသို့ ပြောင်းခြင်းဖြစ်ကြောင်း ယစ်မျိုးခွန် ဥပဒေအထောက်အထားဖြင့် တင်ပြရန်။

(ည) တိုင်းဒေသကြီး / ပြည်နယ်၊ နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး၏ သဘောထား။

(ဋ) Diary တွင် ရက်စွဲအစဉ်လိုက်ရေးသား၍ မြို့နယ်၊ ခရိုင်၊ တိုင်း အဆင့်ဆင့် တင်ပြမှု ပါဝင်ရန်။

(ဃ) Diary တွင် သက်ဆိုင်ရာ ရုံးအကြီးအကဲ(သို့မဟုတ်)တာဝန်ပေးအပ်ထားသူ တာဝန်ခံအရာရှိကိုယ်တိုင် လက်မှတ်ရေးထိုးရန်။

၉။ **ယစ်မျိုးလိုင်စင်စီ အမည်/တည်နေရာ/လိုင်စင်အမျိုးအစားပြောင်း အမှုတွဲတွင် ပါဝင်ရမည့် အချက်များ**

(က) အမှုတွဲနေ့စဉ် မှတ်တမ်း။

(ခ) ကာယကံရှင်နှစ်ဦး၏ လျှောက်လွှာ။

(ဂ) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူ။

(ဃ) မူလယစ်မျိုးဆိုင်မှာ အမှန်တကယ် ပိတ်သိမ်းထားသည်မှာ မှန်ကန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်။

(င) ပြောင်းရွှေ့မည့်တည်နေရာရှိ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်။

(စ) သက်ဆိုင်ရာရဲစခန်း ထောက်ခံချက်။

(ဆ) ပတ်ဝန်းကျင်နေထိုင်သူများ၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ ထပ်ဆင့်လက်မှတ်ထိုးရန်။

(ဇ) ဆိုင်တည်နေရာပြမြေပုံ (မနဉ/ ဒုမနဉ) မှ လက်မှတ်ရေးထိုးရန်။

(ဈ) ယစ်မျိုးနည်းဥပဒေ ၁၆ အရ ကန့်ကွက်လွှာ တင်သွင်းနိုင်ကြောင်း အမိန့် ကြော်ငြာစာမိတ္တူ။

၁၀။ **ကြီးကြပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ**

(က) ယစ်မျိုးဆိုင်များကို အောက်ပါစည်းကမ်းချက်များနှင့် ညီညွတ်ခြင်း ရှိ/မရှိ Task Force အဖွဲ့များဖြင့် ထိရောက်စွာ ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ် ပါသည်–

(၁) ယစ်မျိုးလိုင်စင်လျှောက်ထားသူများ၏ လျှောက်လွှာများအား စိစစ်၍ ဥပဒေနှင့် အညီ ထောက်ခံတင်ပြရန်။

(၂) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ နှစ်စဉ်အတည်ပြုချထား ပေးသော ယစ်မျိုးလိုင်စင်များအား စနစ်တကျလိုင်စင်ထုတ်ပေးရန်။

(၃) သတ်မှတ်ထားသော ယစ်မျိုးခွန်များ အပြည့်အဝရရှိရေး ကောက်ခံရန်။

(၄) ယစ်မျိုးလိုင်စင်များ ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်မှု ရှိ/မရှိ ကြပ်မတ်ဆောင်ရွက်ရန်။

(၅) ယစ်မျိုးလိုင်စင်အလိုက် စည်းကမ်းများအား တိကျစွာလိုက်နာမှု ရှိ/မရှိ ကြပ်မတ်ဆောင်ရွက်ရန်။

(၆) လိုင်စင်မဲ့ ယစ်မျိုးလုပ်ငန်း ဆောင်ရွက်သူများအား ဖမ်းဆီးအရေး ယူရန်။

(၇) တရားဥပဒေနှင့်အညီ အရေးယူရေးအတွက် တရားရုံးသို့တရားစွဲဆို တင်ပို့ရန်။

(၈) မြို့နယ်ယစ်မျိုးအကြံပေးအဖွဲ့မှ စိစစ်တွေ့ရှိသော ဥပဒေပြဋ္ဌာန်းချက်များနှင့် မညီသည့် ယစ်မျိုးဆိုင်များ အရေးယူရန်။

(ခ) တရားမဝင်ယစ်မျိုးဆိုင်များ၊ လိုင်စင်စည်းကမ်းနှင့် မညီညွတ်သော ယစ်မျိုးဆိုင်များတွေ့ရှိပါက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ယစ်မျိုးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။